ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ် (၄၆)၊ နေပြည်တော်

Ministry of Planning and Finance
Internal Revenue Department

Internal Revenue Department Internal Revenue Department Internal Revenue Department Revenue Department Internal Revenue Department Internal Revenue Department Internal Department
DIRECTOR- 067-430070, Deputy Director- 067-430072, Office- 067-430073, Fax- 067 – 430075, G-mail: dmd.ird46@gmail.com , dmd.ird@e-mopf.gov.mm


အမိန့်ကြော်ငြာစာအမှတ်၊ ၁၄၅ /၂၀၂၃
နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ဝါခေါင်လကွယ်နေ့
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

**ခုနှိမ်ခြင်း (Credit) လုပ်ငန်းစဉ်အတွက် ပုံစံအစားထိုးသတ်မှတ်ထုတ်ပြန်ခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေတို့အရ အခွန်ခုနှိမ်ခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပုံစံများအား ၂၂-၈-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၇၆/၂၀၂၂ ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၇ ပါ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ငွေထုတ်ပေးရန်တာဝန်ရှိသူက အခွန်နုတ်ယူပေးသွင်းရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၃/၂၀၂၃ ဖြင့် သတ်မှတ်ထုတ်ပြန်လိုက်သဖြင့် ပင်ရင်းမှ ဝင်ငွေခွန်နုတ်ယူပေးသွင်းပြီးကြောင်း အထောက်အထားလက်မှတ် ပတခ(ဝင)-၀၅-၀၁ ပုံစံတွင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုင်ရာအချက်အလက်များထည့်သွင်း၍ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၆/၂၀၂၂ ပါ စာပိုဒ် ၁၊ ဇယားအမှတ်စဉ်(၁)ပါ ပတခ(ဝင)-၀၅-၀၁ ပုံစံအား ပြင်ဆင်ထုတ်ပြန်သည့် ပူးတွဲပါ **ပတခ(ဝင)-၀၅-၀၁ ပုံစံအသစ်ဖြင့်** ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစ၍ အစားထိုးအသုံးပြုသွားကြရန် ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်-

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ ပင်ရင်းမှဝင်ငွေခွန်နုတ်ယူပေးသွင်းပြီးကြောင်း အထောက်အထားလက်မှတ် | ပတခ(ဝင)-၀၅-၀၁ |

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ ဥစ-၁/ ပတခ/ ၂၀၂၃ ( ၇၀၆၂ )
ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်အားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနခွဲညွှန်ကြားရေးမှူးအားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁၊ ၂)

ဌာနမှူးများအားလုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)

တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

ပြန်ကြားရေးအဖွဲ့ } ပြည်တွင်းအခွန်များဦးစီးဌာန၏ Website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

မိတ္တူကို

ရုံးလက်ခံ၊ မျှောစာတွဲ